**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ကောင်စီ**

**ရန်ကုန်မြို့**

# ၁၉၈၀ ပြည့်နှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ

**[၁၉၈၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁။]**

**၁၃၄၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်**

**(၁၉၈၀ ပြည့်နှစ်၊ မတ်လ ၂၈ ရက်)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေငြာသည်။

နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် တတိယလေးနှစ် စီမံကိန်းလမ်းညွှန်မှုများတွင်ပါရှိသည့် ရည်မှန်းချက်နှင့် တတိယလေးနှစ်စီမံကိန်း (၁၉၇၈-၇၉ မှ ၁၉၈၁-၈၂) တို့၏ ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၀ ပြည့်နှစ်၊ စီးပွားရေးစီမံကိန်း၏ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၀-၈၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သော တတိယလေးနှစ် စီမံကိန်းနှင့်အညီ ရေးဆွဲထားသည့် တတိယလေးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၀-၈၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည်ဖော်ကြရမည်။

(ပုံ) နေဝင်း

ဥက္ကဋ္ဌ

နိုင်ငံတော်ကောင်စီ၊



Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၄၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်။
(၁၉၈၀ ပြည့်နှစ်၊ မတ်လ ၂၈ ရက်။)

အမိန့်အရ
(ပုံ) မြကျော်
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်ကောင်စီရုံး၊
ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၈၀ ပြည့်နှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ၏နောက်ဆက်တွဲ ဇယား(၁)
[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ၁၉၈၀ ပြည့်နှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ၏နောက်ဆက်တွဲ ဇယား(၁)။ ။ အဆက်
[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ၁၉၈၀ ပြည့်နှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ၏နောက်ဆက်တွဲ ဇယား(၁)။ ။ အဆက်
[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ၁၉၈၀ ပြည့်နှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ၏နောက်ဆက်တွဲ ဇယား(၁)။ ။ အဆုံး

Myanmar Law Information System (MLIS)